# ကမ္ဘောဇ Business Customer အတည်ပြုကတ် ဆိုင်ရာစည်းမျဉ်းနှင့်စည်းကမ်းသတ်မှတ်ချက်များ

ကမ္ဘောဇဘဏ်၏ Business Customer အတည်ပြုကတ်များအား ရယူအသုံးပြုမည့် ကုမ္ပဏီများအနေဖြင့် ကမ္ဘောဇဘဏ်လီမိတက်က ထုတ်ပြန်ထားသည့် အောက်တွင်ဖော်ပြထားသော စည်းမျဉ်းနှင့် စည်းကမ်းသတ်မှတ်ချက်များအား အတိအကျလိုက်နာကြရမည် ဖြစ်ပါသည်။ ကုမ္ပဏီသည် ကမ္ဘောဇဘဏ်၏ Business Customer အတည်ပြုကတ်အား များအားတောင်းခံခြင်း သို့မဟုတ် ကတ်အားအသုံးပြုခြင်း သို့မဟုတ် Card အား ကုမ္ပဏီ၏ ကိုယ်စား အသုံးပြုခွင့်ပေးထားသူတစ်ဦးဦးကို အသုံးပြုစေရန်ခွင့်ပြုခြင်းများသည် အခါအားလျော်စွာ ပြောင်းလဲနိုင်သည်ဖြစ်သော ဤစည်းမျဉ်းနှင့်စည်းကမ်း သတ်မှတ်ချက်များကို ကုမ္ပဏီက လိုက်နာဆောင်ရွက်ရန် အသိအမှတ်ပြု သဘောတူခြင်းဖြစ်ပါသည်။

## ၁။ အဓိပ္ပါယ်ဖွင့်ဆိုချက်

၁.၁။ **“ငွေစာရင်း”** ဆိုသည်မှာ တစ်ဦးချင်းအနေဖြင့်ဖွင့်လှစ်ထားသည်ဖြစ်စေ၊ ပူးတွဲ၍ဖွင့်လှစ်ထားသည်ဖြစ်စေ ယခုအချိန်မှစ၍ နောင်အချိန်တွင် ကမ္ဘောဇဘဏ် တွင် ဖွင့်လှစ်ထားသည့် ကုမ္ပဏီ၏ မည်သည့်အပ်ငွေစာရင်းမျိုးကိုမဆို ဆိုလိုသည်။

၁.၂။ **“အခွင့်အာဏာရပုဂ္ဂိုလ်”** ဆိုသည်မှာ ညွှန်ကြားချက်ပေးရန်၊ ချုပ်ဆိုရန် သို့မဟုတ် မည်သည့်စာရွက်စာတမ်းကိုမဆို လက်မှတ်ရေးထိုးရန် သို့မဟုတ် ကုမ္ပဏီ၏ကတ်ကိုသုံးပြီးဆောင်ရွက်ရန်အတွက် ကုမ္ပဏီ၏ကိုယ်စား သို့မဟုတ် ကုမ္ပဏီကိုယ်စားဆောင်ရွက်ရန် ကုမ္ပဏီကခွင့်ပြုထားသည့် ပုဂ္ဂိုလ်/များ (တစ်ဦးချင်းစီဖြစ်စေ သို့မဟုတ် အခြားသော ပုဂ္ဂိုလ်/ပုဂ္ဂိုလ်များနှင့် ပူးတွဲ၍ဖြစ်စေ) ဖြစ်ပြီး ကမ္ဘောဇဘဏ်ကအတည်ပြုထားသူများဖြစ်သည်။

၁.၃။ “အလုပ်ဖွင့်ရက်” ဆိုသည်မှာ မြန်မာနိုင်ငံရှိ စနေနေ့၊ တနင်္ဂနွေနေ့၊ အများပြည်သူအလုပ်ပိတ်ရက် သို့မဟုတ် ဘဏ်ပိတ်ရက်မဟုတ်သည့် နေ့ရက်များကိုဆိုလိုခြင်းဖြစ်သည်။

၁.၄။ **“ကတ်”** ဆိုသည်မှာ ဆိုသည်မှာ ကုမ္ပဏီအတွက် ဘဏ်လုပ်ငန်းဝန်ဆောင်မှုများရယူရာတွင် ကတ်အား အထူးအခွင့်အရေးတစ်ရပ်အဖြစ် အသုံးပြုနိုင်ရန်အတွက် ကမ္ဘောဇဘဏ်ကထုတ်ပေးထားသည့် Business Customer ဖြစ်သည့် ကုမ္ပဏီအား အတည်ပြုသည့်ကတ်ကိုဆိုလိုသည်။

KBZ BANK
STRENGTH OF MYANMAR

၁.၁၅။ **"ကတ်ကိုင်ဆောင်သူ"** ဆိုသည်မှာ ကုမ္ပဏီကခန့်အားထားပြီး ကတ်အား ကုမ္ပဏီကိုယ်စား အသုံးပြုရန် ကမ္ဘောဇဘဏ်က ကတ်ထုတ်ပေးထားသည့် အခွင့်အာဏာရပုဂ္ဂိုလ်/များ ကိုဆိုလိုသည်။

၁.၁၆။ **"ဗဟိုဘဏ်"** ဆိုသည်မှာမြန်မာနိုင်ငံတော်ဗဟိုဘဏ်ကိုဆိုလိုသည်။

၁.၁၇။ **"ကုန်ကျစရိတ်"** ဆိုသည်မှာ (အပြည့်အဝပေးချေရမည်ဖြစ်သော) တရားရေးဆိုင်ရာကုန်ကျစရိတ်များ အပါအဝင် ကုန်ကျစရိတ်များ၊ ကောက်ခံငွေများ၊ နှင့်အသုံးစရိတ်များ ကိုဆိုလိုသည်။

၁.၁၈။ **"ကမ္ဘောဇဘဏ်"** ဆိုသည်မှာ အနာဂတ်တွင် ကမ္ဘောဇဘဏ်က ဖွင့်လှစ်ထူထောင်မည့် မည်သည့်ဘဏ်ခွဲမျိုးမဆို အပါအဝင် ကမ္ဘောဇဘဏ်လီမိတက်နှင့် ကမ္ဘောဇဘဏ်၏ ဘဏ်ခွဲအားလုံးကိုဆိုလိုသည်။

၁.၁၉။ **"မြန်မာကျပ်"** ဆိုသည်မှာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အတွင်း တရားဝင်အသုံးပြုနေသော ငွေကြေးစနစ်ကို ဆိုလိုသည်။

၁.၁၀။ **"ကတ်အပို"** ဆိုသည်မှာ ကမ္ဘောဇဘဏ်က ထုတ်ပေးထားသော ကုမ္ပဏီ၏ကတ်တွင် အပိုကတ်အဖြစ် ကုမ္ပဏီက ခွင့်ပြုပေးပြီး ကမ္ဘောဇဘဏ်က အတည်ပြု၍ ထုတ်ပေးထားသောကတ်ကိုဆိုလိုသည်။

၁.၁၁။ **"စည်းမျဉ်းနှင့်စည်းကမ်းသတ်မှတ်ချက်များ"** ဆိုသည်မှာ ဤကမ္ဘောဇဘဏ်၏ Business Customer အတည်ပြုကတ်ဆိုင်ရာ စည်းမျဉ်းနှင့်စည်းကမ်းသတ်မှတ်ချက်များကိုဆိုလိုသည်။

၁.၁၂။ **"Website"** ဆိုသည်မှာ www.kbzbank.com တွင်ရှိသည့် ကမ္ဘောဇဘဏ်၏ ဝက်ဆိုက်ကိုဆိုလိုသည်။

## ၂။ ကတ်

၂.၁။ ကုမ္ပဏီသည် ကုမ္ပဏီစာရင်း (တစ်ဦးချင်းစီဖြစ်စေ၊ ပူးတွဲ၍ဖြစ်စေ) အား ကမ္ဘောဇဘဏ်တွင် ဖွင့်လှစ်ထားသည်ဆိုပါက ဘဏ်လုပ်ငန်းဝန်ဆောင်မှုများရယူရာတွင် ကတ်အား အထူးအခွင့်အရေးတစ်ရပ်အဖြစ် အသုံးပြုနိုင်ရန်အတွက် ကမ္ဘောဇဘဏ်က ကုမ္ပဏီထံသို့ ဤကတ်များအား ထုတ်ပေးထားခြင်းဖြစ်သည်။

၂.၂။ ကုမ္ပဏီအတွက် ကမ္ဘောဇဘဏ်၏ ဘဏ်လုပ်ငန်းဝန်ဆောင်မှုများရယူရာတွင် ကုမ္ပဏီ၏အထူးအခွင့်အရေးတစ်ရပ်အနေအဖြစ် ကတ်အားအသုံးပြုရန်အတွက်သာ ကတ်အား ခွင့်ပြုပေးထားခြင်းဖြစ်ပါသည်။

KBZ BANK
STRENGTH OF MYANMAR

၂.၃။ ကတ်ကိုင်ဆောင်သူအား ကုမ္ပဏီကခန့်အပ်တာဝန်ပေးထားသည့် အခွင့်အာဏာရပုဂ္ဂိုလ်အဖြစ် ကမ္ဘောဇဘဏ်ကမှတ်ယူမည်ဖြစ်ပြီး ကုမ္ပဏီအတွက် အထူးဝန်ဆောင်မှုများကို ကတ်ကိုင်ဆောင်သူထံပေးသွားမည်ဖြစ်သည်။ .

## ၃။ ကုမ္ပဏီ၏တာဝန်နှင့်ဝတ္တရားများ

၃.၁။ ကုမ္ပဏီသည် ကတ်တွင်ဖော်ပြထားသည့်အခွင့်အရေးများကိုအသုံးပြုမည်ဆိုပါက ကတ်ကိုင်ဆောင်သူသည် ကမ္ဘောဇဘဏ်သို့ဖြစ်စေ၊ ကတ်အသုံးပြုနိုင်သော သတ်မှတ်ထားသည့်ကမ္ဘောဇဘဏ်ခွဲများသို့ဖြစ်စေ လာရောက်ချိန်တွင် ကတ်အားယူဆောင်လာရန်လိုသည်။ ကတ်၏ အထူးအခွင့်အရေးများရရှိစေရန်အတွက် ကတ်ကိုင်ဆောင်သူသည် ကတ်အားတပါးတည်းယူဆောင်လာရမည်။

၃.၂။ ကတ်အား ကုမ္ပဏီကသာလျှင် သီးသန့်အသုံးပြုရမည်ဖြစ်ပြီး ကုမ္ပဏီကခန့်အပ်တာဝန်ပေးထားသည့် ကတ်ကိုင်ဆောင်သူမှအပ အခြားသောမည်သည့်ပုဂ္ဂိုလ်မျှ သုံးစွဲခြင်းမရှိစေရ။

၃.၃။ ကတ်သည် မည်သည့်အချိန်တွင်မဆို ကမ္ဘောဇဘဏ်မှ ပိုင်ဆိုင်သောပစ္စည်းဖြစ်သည်။

၃.၄။ လက်ရှိတွင် ဤကတ်အား ကမ္ဘောဇဘဏ်ခွဲများအားလုံးတွင် အသုံးမပြုနိုင်သောကြောင့် ကုမ္ပဏီသည် ဘဏ်ခွဲများသို့ သွားရောက်ခြင်းမပြုမှီ ကတ်အားအသုံးပြုနိုင်မည့်ဘဏ်ခွဲများနှင့်ပတ်သက်၍ ကမ္ဘောဇဘဏ်၏ဝက်ဘ်ဆိုဒ် သို့မဟုတ် ကမ္ဘောဇဘဏ်သို့ဆက်သွယ်၍ ကတ်အားအသုံးပြုနိုင်မည့် ဘဏ်ခွဲများအား စုံစမ်းမေးမြန်းရန်လိုအပ်ပါသည်။

၃.၅။ မည်သည့်ကတ်မျိုးကိုမဆိုအသုံးပြုမှုနှင့်စပ်လျဉ်း၍ ကမ္ဘောဇဘဏ်အနေဖြင့် အခါအားလျော်စွာ လိုအပ်လာနိုင်သည့် အချက်အလက်များနှင့် စာရွက်စာတမ်းများအား ကုမ္ပဏီနှင့် ကတ်ကိုင်ဆောင်သူ မည်သူမဆိုသည် ကမ္ဘောဇဘဏ်သို့ ပေးရမည်။

၃.၆။ ခွင့်ပြုချက်မရှိဘဲ ကတ်အားအသုံးပြုခြင်းနှင့်ပတ်သက်၍ ကမ္ဘောဇဘဏ်တွင်မည်သည့်တာဝန်မျိုးမျှမရှိစေရ ဟူသည့် စည်းကမ်းချက်ဖြင့် ဤကတ်အားထုတ်ပေးထားခြင်းဖြစ်သည်။ ခွင့်ပြုချက်မရှိဘဲကတ်အားအသုံးပြုခြင်းသည် ကုမ္ပဏီ၏တာဝန်သာဖြစ်သည်။

၃.၇။ မည်သည့်နေရာတွင်မဆို ကတ်အားမေ့လျော့၍ကျန်နေခြင်းမျိုးမရှိစေရန်မှာ ကုမ္ပဏီနှင့်ကတ်ကိုင်ဆောင်သူ၏ တာဝန်သာလျှင်ဖြစ်သည်။

၃.၈။ ကုမ္ပဏီနှင့်ကတ်ကိုင်ဆောင်သူသည် ဥပဒေနှင့်ကိုက်ညီခြင်းမရှိသောမည်သည့်ဆောင်ရွက်ချက်မျိုးမဆို သို့မဟုတ် ဥပဒေနှင့်ကိုက်ညီခြင်းမရှိသော မည်သည့်ရည်ရွယ်ချက်အတွက်မဆို ကတ်အားအသုံးမပြုရပါ။

၃.၉။ ကတ်အားပိတ်သိမ်းလိုက်ပြီးနောက် သို့မဟုတ် ကတ်အားပိတ်သိမ်းထားပြီးဖြစ်ကြောင်း ကမ္ဘောဇဘဏ်က ကုမ္ပဏီထံသို့ အကြောင်းကြားပြီးနောက် သို့မဟုတ် ကတ်အသုံးပြုမှုအား ကမ္ဘောဇဘဏ်ကရပ်သိမ်းလိုက်ပြီးနောက်တွင် ကုမ္ပဏီနှင့် ကတ်ကိုင်ဆောင်သူသည် မည်သည့်ကတ်ကိုမဆို အသုံးပြုခြင်း သို့မဟုတ် အသုံးပြုရန်ကြိုးစားခြင်းမပြုရ။

၃.၁၀။ ကုမ္ပဏီနှင့် ကတ်ကိုင်ဆောင်သူသည် ကတ်၏ပုံစံယိုယွင်းမှုမရှိစေရန်၊ ကတ်ပျက်စီးမှုမရှိစေရန်၊ ကတ်တွန့်လိမ်ကောက်ကွေးသွားမှုမဖြစ်စေရန်၊ ပြုပြင်ထားမှုမရှိစေရန် သို့မဟုတ် မည်သည့်နည်းဖြင့်မဆို ပြင်ဆင်ပြောင်းလဲထားခြင်းမရှိစေရန် အလေးထားဆောင်ရွက်ရမည်။

၃.၁၁။ ကတ်ကိုင်ဆောင်အသုံးပြုမှုနှင့်ပတ်သက်၍ စုံစမ်းစစ်ဆေးမှု၊ တရားရင်ဆိုင်မှုများဖြစ်လာသည်ရှိသော် ကုမ္ပဏီနှင့် ကတ်ကိုင်ဆောင်သူမည်သူမဆိုသည် ကမ္ဘောဇဘဏ်နှင့်ပူးပေါင်းဆောင်ရွက်ရမည်။

## ၄။ ကတ်အပို

၄.၁။ ကုမ္ပဏီကတောင်းခံလာသည်ဆိုပါက ကမ္ဘောဇဘဏ်သည် ကုမ္ပဏီထံသို့ ကတ်အပိုထုတ်ပေးနိုင်သည်။ ကမ္ဘောဇဘဏ်သည် ကုမ္ပဏီထံသို့ ကတ်အပိုအားထုတ်ပေးထားသည်ဆိုပါက ဤသဘောတူညီချက်တွင်ပါဝင်သော စည်းမျဉ်းနှင့် စည်းကမ်းသတ်မှတ်ချက်များ အားလုံးသည် အမြဲတစေပင် ကတ်အပိုနှင့်လည်း သက်ဆိုင်အကျုံးဝင်မှုရှိစေရမည်ဖြစ်ပြီး လိုအပ်၍ စည်းမျဉ်းနှင့်စည်းကမ်းသတ်မှတ်ချက်များအားပြင်ဆင်ရပါကလည်း ဤအပိုဒ်သည်အကျိုးသက်ရောက်မှု ရှိစေရမည်ဖြစ်သည်။

၄.၂။ ကတ်များ၊ ကတ်အားလုံး၊ ကတ်အပိုတစ်ခုစီနှင့်ပတ်သက်၍ ပေးရန်တာဝန်များသည် ကုမ္ပဏီ၏တာဝန်ဖြစ်ပြီး ကတ်အပိုတစ်ခုချင်းစီနှင့်ပတ်သက်၍ ပေးရန်တာဝန်များအတွက် ပူးတွဲ၍ဖြစ်စေ၊ သီးခြားစီဖြစ်စေ တာဝန်ရှိသည်။

## ၅။ အထူးအခွင့်အရေးများနှင့်အကျိုးခံစားခွင့်များ

KBZ BANK
STRENGTH OF MYANMAR

၅.၁။ ကတ်အသုံးပြုနိုင်မည့် သတ်မှတ်ထားသော ကမ္ဘောဇဘဏ်ခွဲများသို့လာရောက်မည့် ကုမ္ပဏီ သို့မဟုတ် ကတ်ကိုင်ဆောင်သူများရရှိမည့် အခွင့်အရေးများနှင့်အကျိုးခံစားခွင့်များမှာ အောက်ပါအတိုင်းဖြစ်သည်-

၅.၁.၁။ ဘဏ်ခွဲတစ်ခုထဲတွင် အစအဆုံးဘဏ်ဝန်ဆောင်မှုပေးခြင်း (မည်သည့်သီးခြားဝန်ဆောင်မှုအတွက်မဆို တခြားဘဏ်ခွဲများ သို့သွားရန်မလိုပါ)၊

၅.၁.၂။ ဦးစားပေးတန်းစီခြင်း (အမြန်ဝန်ဆောင်မှု- စောင့်ဆိုင်းချိန်အနည်းဆုံးဖြစ်စေရန် အမြန်ဝန်ဆောင်မှုပေးခြင်း)

၅.၁.၃။ ဘဏ်ခွဲများတွင် ဘဏ်ခွဲ၏မန်နေဂျာများနှင့်အချိန်မရွေးတိုက်ရိုက်ဆက်သွယ်ပြောဆိုနိုင်ခြင်း၊

၅.၁.၄။ Territory Relationship Manager - ဘဏ်ခွဲများတွင်အထူးဂရုစိုက်ရန်ခန့်အပ်ထားသောဝန်ထမ်းများ

၅.၁.၅။ သီးခြားစောင့်ဆိုင်းရန်နေရာထားရှိပေးခြင်း၊

၅.၁.၆။ အချို့သော corporate ဝန်ဆောင်မှုများအတွက်တိုးမြှင့်ထားသော ဝန်ဆောင်မှုအဆင့်သတ်မှတ်ချက် သဘောတူညီမှုများ

၅.၂။ ကုမ္ပဏီထံသို့ကတ်အားထုတ်ပေးထားခြင်းအတွက် ကုမ္ပဏီကပေးချေရမည်ဖြစ်သော အခကြေးငွေများအား ကမ္ဘောဇဘဏ်မှ ကင်းလွတ်ခွင့်ပေးနိုင်သည်။

၅.၃။ ကမ္ဘောဇဘဏ်သည် ကုမ္ပဏီသို့ထုတ်ပေးထားသော ကတ်များ၏ အမျိုးမျိုးသောအခွင့်အရေးများနှင့်အကျိုးခံစားခွင့်များကို အခါအားလျော်စွာ ဆောင်ရွက်နိုင်သည်။ ကမ္ဘောဇဘဏ်သည် မည်သည့်အချိန်တွင်မဆို ဝန်ဆောင်မှု သို့မဟုတ် အခွင့်အရေးများ သို့မဟုတ် အကျိုးခံစားခွင့်များ သို့မဟုတ် အင်္ဂါရပ်များ သို့မဟုတ် အထူးအခွင့်အရေးများကို မည်သည့် အချိန်တွင်မဆို မည်သည့်အကြောင်းကြောင့်ဖြစ်စေ ကမ္ဘောဇဘဏ်၏ တစ်ဦးတည်းဆုံးဖြတ်ချက်ဖြင့် ကြိုတင်အကြောင်းကြားခြင်းမပြုဘဲ ထည့်သွင်းခြင်း သို့မဟုတ် ပြင်ဆင်ခြင်း သို့မဟုတ် ပယ်ဖျက်ခြင်း သို့မဟုတ် ရုတ်သိမ်းခြင်းတို့အား ဆောင်ရွက်နိုင်မည်ဖြစ်သည်။

၅.၄။ ဤဝန်ဆောင်မှုအသုံးပြုခြင်းကြောင့် ဖြစ်ပေါ်လာသည့် ကုမ္ပဏီ၏ မည်သည့်ပျက်စီးမှု သို့မဟုတ် ဆုံးရှုံးမှုများအတွက်မဆို မည်သည့်အချိန်တွင်မှ ကမ္ဘောဇဘဏ်တွင်တာဝန်မရှိစေရ။

## ၆။ ကတ်ပျောက်ဆုံးခြင်း

၆.၁။ ကတ်ပျောက်ဆုံးခြင်း သို့မဟုတ် ခိုးယူခံရခြင်း သို့မဟုတ် အခွင့်အာဏာမရှိသူကသုံးစွဲခြင်းများဖြစ်ပါက ကုမ္ပဏီသည် ကမ္ဘောဇဘဏ်သို့ချက်ခြင်းအကြောင်းကြားရမည်။

၆.၂။ ကတ်ပျောက်ဆုံးခြင်း၊ ခိုးယူခံရခြင်းဖြစ်ပါက ကုမ္ပဏီ၏တောင်းခံချက်အရ ကမ္ဘောဇဘဏ်သည် ၎င်းတစ်ဦးတည်း၏ ဆုံးဖြတ်ချက်ဖြင့် ၎င်းသင့်တော်သည်ဟုယူဆသည့် စည်းမျဉ်းနှင့်စည်းကမ်းသတ်မှတ်ချက်များဖြင့် အစားထိုးကတ်အား ထုတ်ပေးမည်ဖြစ်သည်။

၆.၃။ ပျောက်ဆုံးသွားသည်ဟုအစီရင်ခံထားသည့်ကတ်အား ကုမ္ပဏီက နောက်ပိုင်း၌ ပြန်လည်တွေ့ရှိပါက ကုမ္ပဏီသည်ထိုသို့ပြန်လည်တွေ့ရှိသည့်ကတ်ကိုအသုံးမပြုရဘဲ၊ ၎င်းကတ်အား ကမ္ဘောဇဘဏ်သို့ ဖြစ်နိုင်သမျှ အမြန်ဆုံးပြန်လည်အပ်နှံရမည်ဖြစ်သည်။

၆.၄။ ပျောက်ဆုံး သို့မဟုတ် ပျက်စီးသွားခြင်းကြောင့်အစားထိုးထုတ်ပေးရသည့်ကတ်အတွက် ကမ္ဘောဇဘဏ်က အခါအားလျော်စွာ သတ်မှတ်မည်ဖြစ်သည့် အခကြေးငွေကို ကောက်ခံမည်ဖြစ်သည်။

၆.၅။ ကတ်ပျောက်ဆုံးခြင်းနှင့်ပတ်သက်သည့် အသိပေးအကြောင်းကြားချက်ကို ကမ္ဘောဇဘဏ်ကလက်ခံရရှိချိန်အထိ ပျောက်ဆုံးနေသည့်ကတ်အားခွင့်ပြုချက်မရဘဲအသုံးပြုမှုကြောင့်ပေါ်ပေါက်လာရသည့် မည်သည့်ငွေရေးကြေးရေး ဆုံးရှုံးမှုမျိုးအတွက်မဆို ကုမ္ပဏီ၏တာဝန်သာလျှင်ဖြစ်သည်။

## ၇။ ပေးရန်တာဝန်ကန့်သတ်ချက်

၇.၁။ ကုမ္ပဏီအတွက်အထူးအခွင့်အရေးများရရှိစေရန် ကမ္ဘောဇဘဏ်သည် ဤကတ်များအား ထုတ်ပေးထားခြင်း ဖြစ်သော်လည်း ဤကတ်များအားထုတ်ပေးခြင်းသည် ကုမ္ပဏီထံသို့ မဖြစ်မနေပေးရမည့် ဝန်ဆောင်မှုတစ်ရပ်အဖြစ် ကမ္ဘောဇဘဏ်တွင်တာဝန်မရှိစေရ။ မည်သည့်အကြောင်းကြောင့်မဆို သို့မဟုတ် လျစ်လျူရှုခြင်းကြောင့် သို့မဟုတ် ကမ္ဘောဇဘဏ်ကဖြစ်စေ၊ ၎င်း၏ဝန်ထမ်းများကဖြစ်စေ အလေးပေးမှုမရှိခြင်းကြောင့် လိုက်နာရန်ပျက်ကွက်ခြင်း သို့မဟုတ် ကတ်၏အခွင့်အရေးများအားပေးရန် ပျက်ကွက်ခြင်းများအတွက် ကမ္ဘောဇဘဏ်တွင် မည်သည့်တာဝန်မျှမရှိသည်ကို ကုမ္ပဏီမှသိရှိသဘောတူပါသည်။။

၇.၂။ ကုမ္ပဏီထံသို့ထုတ်ပေးထားသည့်ကတ်အားအသုံးပြုခြင်း သို့မဟုတ် အသုံးပြု၍ဆောင်ရွက်ခြင်းများနှင့်စပ်လျဉ်း၍ လည်းကောင်း၊ မည်သည့်အကြောင်းကြောင့်မဆို ပေါ်ပေါက်လာရသော မည်သည့် ဆုံးရှုံးမှု၊ ပျက်စီးမှု၊

အနာတရဖြစ်မှုတို့အား သိ၍ဖြစ်စေ၊ မသိ၍ဖြစ်စေ ကုမ္ပဏီသည် ကမ္ဘောဇဘဏ်နှင့် ၎င်း၏သက်ဆိုင်ရာ အရာရှိများ၊ ဝန်ထမ်းများနှင့် agent များအား ယင်းကိစ္စများ၏တာဝန်ရှိမှုများမှ ကင်းလွတ်ခွင့်ပြုသည်။

## ၈။ လျော်ကြေး

၈.၁။ ဤစည်းမျဉ်းနှင့် စည်းကမ်းသတ်မှတ်ချက်များတွင်ဖော်ပြထားသည့် မည်သည့်စည်းကမ်းသတ်မှတ်ချက်ကိုမဆို လိုက်နာ ဆောင်ရွက်ရန် ကတ်ကိုင်ဆောင်သူ၏ ပျက်ကွက်ခြင်းကြောင့်ဖြစ်ပေါ်လာရသော ကမ္ဘောဇဘဏ်ကနစ်နာကျခံရမည့် ဆုံးရှုံးမှု၊ ပျက်စီးမှု၊ ကုန်ကျငွေ သို့မဟုတ် အသုံးစရိတ်များ အားလုံးအတွက် ကမ္ဘောဇဘဏ်အားလျော်ကြေးပေးရန် လည်းကောင်း၊ ကမ္ဘောဇဘဏ်အားလျော်ကြေးပေးရန်အတွက် သတ်မှတ်ထားရန်လည်းကောင်း ကုမ္ပဏီက ဆောင်ရွက်ရမည်။

၈.၂။ ကတ်နှင့်ပတ်သက်သည့်ဝန်ဆောင်မှုများအား ကမ္ဘောဇဘဏ်က ကုမ္ပဏီထံသို့ပေးအပ်ထားသည့်အချက်ကို ထောက်ရှုလျက် ကုမ္ပဏီထံသို့ကတ်ဝန်ဆောင်မှုပေးခြင်းကြောင့်ဖြစ်ပေါ်လာရပြီး ကမ္ဘောဇဘဏ်က အခါအားလျော်စွာ ကျခံရမည်ဖြစ်သည့် အရေးယူမှု၊ စောဒကတက်မှု၊ တောင်းခံမှု၊ တရားစွဲဆိုမှု၊ ဆုံးရှုံးမှု၊ ပျက်စီးမှု၊ ကုန်ကျမှု၊ အခပေးဆောင်ရမှု၊ အသုံးစရိတ်များ (ကျိုးကြောင်းဆီလျော်သည့်ရှေ့နေစရိတ်သာလျှင်ဖြစ်သည်ဟုသာ သတ်မှတ်ထားမှုမဟုတ်သော်လည်း ယင်းအပါအဝင်ဖြစ်သည့်) အားလုံးအတွက် ကမ္ဘောဇဘဏ်အားလျော်ကြေးပေးရန် လည်းကောင်း၊ ကမ္ဘောဇဘဏ်နှင့်/သို့မဟုတ် ၎င်း၏ဝန်ထမ်းများ အားလျော်ကြေးပေးရန်အတွက် သတ်မှတ်ထားရန်လည်းကောင်း ကုမ္ပဏီက သဘောတူသည်။

## ၉။ ရပ်စဲခြင်း

၉.၁။ ကမ္ဘောဇဘဏ်တစ်ဦးတည်း၏ဆုံးဖြတ်ချက်အရ ကုမ္ပဏီထံသို့ အကြောင်းကြား၍ဖြစ်စေ၊ အကြောင်းမကြားဘဲလျက်ဖြစ်စေ၊ မည်သည့်အချိန်၊ မည်သည့်အကြောင်းကြောင့်မဆို ဤဝန်ဆောင်မှုအားရပ်စဲခြင်း သို့မဟုတ် ကတ်ဆိုင်ရာ အခွင့်အရေးများအားရပ်သိမ်းခြင်းများကို ကမ္ဘောဇဘဏ်ကပြုလုပ်ပိုင်ခွင့်ရှိသည်။ ထိုသို့သောအသိပေးအကြောင်းကြားမှုကိုရရှိပြီးသည်နောက် ကုမ္ပဏီသည် အလုပ်ဖွင့်ရက် (၇) ရက်အတွင်းကမ္ဘောဇဘဏ်၏ Card Department သို့ ကတ်အားပြန်လည်အပ်နှံရမည်။

၉.၂။ အခွင့်အရေးများအားရုပ်သိမ်းခြင်း သို့မဟုတ် ဤဝန်ဆောင်မှုပေးနေခြင်းအား အဆုံးသတ်ခြင်း နှင့်ပတ်သက်သည့် အသိပေးအကြောင်းမှုပြုလုပ်ပြီးနောက် ကတ်အားအသုံးပြုခြင်းသည် လိမ်လည်မှုမြောက်ပြီး ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ၏တည်ဆဲဥပဒေများနှင့်အညီ ကမ္ဘောဇဘဏ်ကတရားစွဲဆိုနိုင်သည်။

## ၁၀။ ဆက်သွယ်ရေး

၁၀.၁။ စာဖြင့်သီးခြားရေးသားဖော်ပြထားမှုမရှိပါက ကုမ္ပဏီထံသို့ ကမ္ဘောဇဘဏ်ကအသိပေးအကြောင်းကြားခြင်း၊ ဆက်သွယ်ခြင်းများကို အောက်ပါနည်းလမ်းများဖြင့် ပြုလုပ်ပါက အကျိုးသက်ရောက်သည် -

၁၀.၁.၁။ မြန်မာနိုင်ငံအတွင်းရှိလိပ်စာတစ်ခုသို့ စာတိုက်မှပေးပို့ခြင်းဖြစ်သည်ဆိုလျှင် ပေးပို့ပြီးသည့်နောက် အလုပ်ဖွင့်ရက် (၃) ရက် သို့မဟုတ် (၄) ရက်အတွင်း၊

၁၀.၁.၂။ အီလက်ထရောနစ်မေးလ် သို့မဟုတ် SMS ဖြင့်ပေးပို့သည်ဆိုပါက ပေးပို့သည့်အချိန်

၁၀.၁.၃။ လက်ကမ်းပေးသည်ဆိုလျှင် ပေးပို့သည့်အချိန်

၁၀.၁.၄။ ကမ္ဘောဇဘဏ်၏ဘဏ်ခွဲများ သို့မဟုတ် ATM များတွင်ကပ်ထားခြင်း သို့မဟုတ် လူမှုမီဒီယာ သို့မဟုတ် ကမ္ဘောဇဘဏ်၏ တရားဝင်ဝက်ဆိုက်တွင်တင်ထားခြင်းဖြစ်ပါက ကပ်ထားသည့်နေ့ သို့မဟုတ် တင်လိုက်သည့်နေ့

၁၀.၂။ အကြောင်းကြားခြင်း သို့မဟုတ် ဆက်သွယ်မှုပြုလုပ်ခြင်း များအားကုမ္ပဏီထံသို့ပြုလုပ်ပြီးနောက် ယင်းတို့တွင် ဖြစ်သည့်ကိစ္စရပ်များကြောင့် ကမ္ဘောဇဘဏ်တွင်တာဝန်မရှိစေရ။ ဥပမာ - မည်သည့်အကြောင်းကြားခြင်း သို့မဟုတ် ဆက်သွယ်မှုမဆိုသည် နှောင့်နှေးနေခြင်း၊ ကြားဖြတ်ခံရခြင်း၊ ပျောက်ဆုံးခြင်း၊ မရောက်ရှိခြင်း သို့မဟုတ် ပေးပို့နေစဉ် မည်သူ့ထံသို့မဆိုပေါက်ကြားသွားခြင်းများစသည့်ဖြစ်ရပ်များကိုဆိုလိုသည်။

## ၁၁။ ထုတ်ဖော်ပြောဆိုခြင်း

၁၁.၁။ ကမ္ဘောဇဘဏ်သည် ကုမ္ပဏီထံမှရယူထားသည့် အချက်အလက်များအား မည်သည့်စည်းမျဉ်း စည်းကမ်းပိုင်းဆိုင်ရာအာဏာပိုင်၊ တရားဥပဒေစိုးမိုးရေးအာဏာပိုင် သို့မဟုတ် တရားရုံးများထံသို့မဆို ပေးအပ်နိုင်သည်။ အောက်ဖော်ပြပါအကြောင်းများကြောင့် ကမ္ဘောဇ ဘဏ်သည် ကုမ္ပဏီ၏အချက်အလက်များအားပေးပို့နိုင်သည် -

၁၁.၁.၁။ ကုမ္ပဏီ၏တောင်းခံချက်အားတုန့်ပြန်ဆောင်ရွက်ပေးရန်နှင့် ကုမ္ပဏီနှင့်ဆက်သွယ်မှုပြုလုပ်ရန်

၁၁.၁.၂။ လိမ်လည်မှုဆိုင်ရာကိစ္စများ၊ လုံခြုံရေးဆိုင်ရာကိစ္စများ သို့မဟုတ် နည်းပညာပိုင်းဆိုင်ရာကိစ္စရပ်များအားကိုင်တွယ်ဖြေရှင်းရန်၊ စစ်ဆေးအတည်ပြုရန်၊ သို့မဟုတ် ပိုမိုကောင်းမွန်အောင်ဆောင်ရွက်ရန် အတွက် ဥပဒေ၏လိုအပ်ချက်အရလည်းကောင်း၊ တရားရုံးဆုံးဖြတ်ချက်အရလည်းကောင်း လိုက်နာဆောင်ရွက်ရန်တို့အတွက် ပေးနိုင်ပါသည်။

## ၁၂။ မလွန်ဆန်နိုင်သော ဖြစ်ရပ်များ

ဤဝန်ဆောင်မှုကို ကမ္ဘောဇဘဏ်က ဆောင်ရွက်ပေးနေစဉ်ကာလအတွင်း သဘာဝဘေးအန္တရာယ်၊ စစ်ဖြစ်ပွားမှု၊ ဆန္ဒပြမှု သို့မဟုတ် အလုပ်သမားအငြင်းပွားမှု၊ ကုန်သွယ်ရေးပိတ်ပင်မှု၊ အစိုးရအမိန့်၊ မီးလောင်ခြင်း၊ ရေကြီးခြင်း၊ မိုးသည်းထန်စွာရွာသွန်းခြင်း၊ မုန်တိုင်း သို့မဟုတ် အလွန်ဆိုးရွားသည့် ရာသီဥတုအခြေအနေများ၊ ဆူပူအုံကြွမှု၊ ပုန်ကန်မှု၊ လူထုမငြိမ်မသက်ဖြစ်မှု၊ စီးပွားရေးပိတ်ဆို့အရေးယူမှု၊ သပိတ်မှောက်မှု၊ လျှပ်စစ်ဓာတ်အားပြတ်တောက်မှု၊ စက်ချွတ်ယွင်းမှု သို့မဟုတ် အခြားသော မလွန်ဆန်နိုင်သော ဖြစ်ရပ်များသာဖြစ်သည်ဟု ကန့်သတ်ထားမှုမရှိသော်လည်း ယင်းတို့အပါအဝင်ဖြစ်ပြီး ကမ္ဘောဇဘဏ်မှ ကျိုးကြောင်းဆီလျော်စွာ ထိန်းချုပ်နိုင်မှုထက် ကျော်လွန်နေသည့် ဖြစ်ရပ်များကြောင့် အချိန်ကာလတစ်ရပ်အထိ ဖြစ်ပေါ်လာရသည့် မည်သည့်လုပ်ငန်းဆောင်ရွက်ရန် ပျက်ကွက်မှု သို့မဟုတ် နှောင့်နှေးမှုဖြစ်ခြင်းများအတွက်မဆို ကမ္ဘောဇဘဏ်တွင် တာဝန်မရှိကြောင်းကို ကုမ္ပဏီသည် နားလည်သဘောတူပါသည်။ ကမ္ဘောဇဘဏ်သည် ယင်းသို့သော အခြေအနေများကြောင့် အဟန့်အတားဖြစ်ခြင်း၊ အတားအဆီးဖြစ်ခြင်း သို့မဟုတ် နှောင့်နှေးနေခြင်းများကြုံတွေ့နေရသည့် အတိုင်းအတာအပေါ်မူတည်၍ အဆိုပါအခြေအနေများ ပြီးဆုံးသွားသည့်အချိန်အထိ ကမ္ဘောဇဘဏ်က ပေးနေသည့် ဤဝန်ဆောင်မှုအား ဆိုင်းငံ့ထားမည်ဖြစ်သည်။ ထိုသို့သောအခြေအနေများ ဆက်လက်ဖြစ်ပျက်နေစဉ်ကာလအတွင်း ဤစည်းမျဉ်းစည်းကမ်းသတ်မှတ်ချက်များတွင် ဖော်ပြထားသော တာဝန်ဝတ္တရားများကို ဖြည့်ဆည်းရန်၊ ထမ်းဆောင်ရန် ပျက်ကွက်ခြင်း သို့မဟုတ် နှောင့်နှေးခြင်းများအတွက် ကမ္ဘောဇဘဏ်အနေဖြင့် ကုမ္ပဏီအပေါ်တွင်ဖြစ်စေ သို့မဟုတ် အခြားမည်သည့်လူပုဂ္ဂိုလ်တစ်ဦးဦးအပေါ်တွင် ဖြစ်စေ တာဝန်ရှိစေခြင်း သို့မဟုတ် ဤစည်းမျဉ်းစည်းကမ်းသတ်မှတ်ချက်များအား ချိုးဖောက်ခြင်းဖြစ်သည်ဟု မှတ်ယူခြင်း မရှိစေရပါ။

## ၁၃။ ငွေကြေးခဝါချမှု တိုက်ဖျက်ရေးနှင့် စီးပွားရေးအရေးယူမှုများ

၁၃.၁။ လူပုဂ္ဂိုလ်များ၊ စီးပွားရေးလုပ်ငန်းအဖွဲ့အစည်းများနှင့် သဘောတူညီချက်ပြုလုပ်ခြင်း သို့မဟုတ် ၎င်းတို့ပါဝင်သည့် transaction များပြုလုပ်ခြင်းများမှ ကမ္ဘောဇဘဏ်အား တားဆီးပိတ်ပင်မှုပြုလုပ်နိုင်သော ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် သို့မဟုတ် အခြားသောနိုင်ငံများ၏ ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဥပဒေများကို ကမ္ဘောဇဘဏ်က လိုက်နာရပါသည်။

၁၃.၂။ ကမ္ဘောဇဘဏ်သည် ၎င်း၏ငွေကြေးခဝါချမှုတိုက်ဖျက်ရေး သို့မဟုတ် အကြမ်းဖက်အဖွဲ့များအား ငွေကြေး ထောက်ပံ့မှုတိုက်ဖျက်ရေးနှင့် စီးပွားကုန်သွယ်မှုပိတ်ဆို့အရေးယူမှုများကို စီမံခန့်ခွဲရေး သို့မဟုတ် ပြည်ထောင်စု သမ္မတမြန်မာနိုင်ငံတော်၏ မည်သည့်အခြားသောဥပဒေနှင့် စည်းမျဉ်းများနှင့်မဆိုကိုက်ညီမှုရှိစေရေးအတွက် လိုအပ်သည့်သတင်းအချက်အလက်အားလုံးကို ကုမ္ပဏီကပေးအပ်ရမည်။

၁၃.၃။ မည်သည့် transaction မျိုးမဆိုအတွက်မဆို ကမ္ဘောဇဘဏ်က ဆောင်ရွက်ပေးသည့် လုပ်ငန်းစဉ်များသည် မြန်မာနိုင်ငံ၏ ဥပဒေများကိုသော်လည်းကောင်း၊ အခြားမည်သည့်နိုင်ငံမဆို၏ ဥပဒေများကိုသော်လည်းကောင်း ချိုးဖောက်မှု မရှိကြောင်း ကုမ္ပဏီကထုတ်ဖော်ကြေညာပြီး တာဝန်ယူသည်။

## ၁၄။ အထွေထွေ

၁၄.၁။ ကုမ္ပဏီသည် ကမ္ဘောဇ ဘဏ်သို့၎င်းပေးထားသည့် ၎င်း၏လိပ်စာ၊ ဖုန်းနံပါတ် သို့မဟုတ်အခြားသော အကြောင်းအရာများတွင်အပြောင်းအလဲရှိသည်ဆိုပါက ကမ္ဘောဇဘဏ်သို့ဆောလျင်စွာအကြောင်းကြားရမည်။

၁၄.၂။ ကတ်အဆင့်အတန်းတွင် အပြောင်းအလဲတစ်စုံတစ်ရာရှိသည်ဆိုပါက ကတ်အဆင့်အတန်းကို နောက်ဆုံးအခြေအနေနှင့် ကိုက်ညီအောင်ဆောင်ရွက်နိုင်ရေးအတွက် ကမ္ဘောဇဘဏ်သို့အသိပေး အကြောင်းကြားရန် ကုမ္ပဏီထံတွင် အပြည့်အဝတာဝန်ရှိသည်။

၁၄.၃။ ကုမ္ပဏီသည်၎င်း၏ကတ်အားပိတ်သိမ်းမည်ဆိုပါက ၎င်းကိုယ်တိုင် ကတ်အားထုတ်ပေးသည့် ကမ္ဘောဇ ဘဏ်၏ ဘဏ်ခွဲသို့ လူကိုယ်တိုင်လာရောက်ရမည်။

၁၄.၄။ ကတ်အားပိတ်သိမ်းပြီးနောက် ကုမ္ပဏီသည်သည် ကတ်အား ကမ္ဘောဇဘဏ်သို့ချက်ခြင်း ပြန်လည်အပ်နှံရမည်။

၁၄.၅။ မည်သည့်အချိန်တွင်မဆို ကမ္ဘောဇဘဏ်၏ဘဏ်ခွဲများအားလုံးတွင် ကတ်ဆိုင်ရာအခွင့်အရေးများအားရရှိပါမည်ဟု ကမ္ဘောဇဘဏ်မှ အာမခံထားခြင်းမရှိဘဲ၊ တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ၊ စည်းမျဉ်းအား

KBZ BANK
STRENGTH OF MYANMAR

လိုက်နာမှုမရှိသည့်အတွက်ဖြစ်စေ ပေါ်ပေါက် လာရသည့် မည်သည့် ဆုံးရှုံးမှု သို့မဟုတ် ပျက်စီးမှုအတွက်မဆို ကမ္ဘောဇဘဏ်တွင်တာဝန်မရှိသည်ကို ကုမ္ပဏီက သိရှိသဘောတူပါသည်။။

၁၄၊၆။ ကမ္ဘောဇဘဏ်သည် ကုမ္ပဏီအား ကတ်များထုတ်ပေးရန် ငြင်းဆိုပိုင်ခွင့်ရှိသည် သို့မဟုတ် ကမ္ဘောဇဘဏ်၏ တစ်ဦးတည်း၏ဆုံးဖြတ်ချက်ဖြင့် အကြောင်းပြချက်တစ်စုံတစ်ရာမပေးဘဲ ကတ်နှင့်တွဲထားသောဝန်ဆောင်မှုများကို ပေးဆောင်ရန် ငြင်းဆိုနိုင်သည်ကို ကုမ္ပဏီက သိရှိသဘောတူပါသည်။

၁၄၊၇။ ကုမ္ပဏီထံသို့အသိပေးအကြောင်းကြားမှုမလုပ်ဘဲ ကုမ္ပဏီနှင့်အကျုံးဝင်သက်ဆိုင်သည့် ကတ်အမျိုးအစား အား ကုမ္ပဏီအမျိုးအစားအလိုက် ကမ္ဘောဇဘဏ်က ခွဲခြားသတ်မှတ်ခြင်းပြုနိုင်ပြီး ကတ်အသုံးပြုနိုင် သည့်ကာလနှင့် အသုံးပြုပုံကိုလည်းသတ်မှတ်ပိုင်ခွင့်ရှိသည်။

၁၄၊၈။ ကုမ္ပဏီအား ကတ်ထုတ်ထားပေးပြီးသည်နောက် ကုမ္ပဏီကပေးထားသည့် သတင်းအချက်အလက်များ မှားယွင်းကြောင်း နှင့်/သို့မဟုတ် ကတ်အားအလွဲသုံးစားပြုလုပ်ကြောင်း နောက်ပိုင်းတွင် တွေ့ရှိရသည်လျှင် ကုမ္ပဏီထံသို့ ထုတ်ပေးထားသည့်ကတ်အား သိမ်းဆည်းရန်/ဖျက်သိမ်းရန်အတွက် ကမ္ဘောဇဘဏ်တွင် လုပ်ပိုင်ခွင့်အပြည့်အဝရှိသည်။

## ၁၅။ ဉာဏပစ္စည်းပိုင်ဆိုင်ခွင့်

ကမ္ဘောဇဘဏ်၏ဝဘ်ဆိုက်နှင့် စာရွက်စာတမ်းအားလုံးတွင် အကြောင်းအရာအဖြစ်ဖြင့်ဖြစ်စေ၊ စကားအသုံးအနှုန်း ပုံစံအဖြစ် ဖြင့်ဖြစ်စေ ပါရှိသော ကုန်အမှတ်တံဆိပ်၊ သင်္ကေတ၊ စာလုံးအမှတ်အသား၊ လုပ်ငန်းဝန်ဆောင်မှု အမှတ်အသား၊ ကုန်အမှတ်တံဆိပ်အမည်နှင့် ဒီဇိုင်းလက်ရာအားလုံး၏ ဉာဏပစ္စည်းဆိုင်ရာ မူပိုင်ခွင့်အရပ်ရပ်သည် ကမ္ဘောဇဘဏ်၏ မူပိုင်ဖြစ်သည်။ ကုမ္ပဏီသည် ကမ္ဘောဇဘဏ်၏ ဉာဏပစ္စည်းဆိုင်ရာ မူပိုင်ခွင့်ကို ကိုယ်ကျိုးအတွက် သုံးစွဲခြင်းမပြုရ သို့မဟုတ် ကမ္ဘောဇဘဏ်မှ စာဖြင့်ရေးသားထားသော ကြိုတင်ခွင့်ပြုချက် ရရှိထားခြင်းမရှိဘဲ မည်သည့်ကိစ္စကိုမဆို ကြော်ငြာခြင်းမပြုရ။ ကုမ္ပဏီသည် ကမ္ဘောဇဘဏ်၏ပုံရိပ်၊ ကုန်အမှတ်တံဆိပ်၊ လုပ်ငန်းအမည် သို့မဟုတ် အခြားဉာဏပစ္စည်းဆိုင်ရာ မူပိုင်ခွင့်ကို ထိခိုက်ပျက်ပြားစေနိုင်သည့် မည်သည့်ပြုလုပ်မှုမျိုးကိုမဆို ပြုလုပ်ခွင့်ရှိမည်မဟုတ်ပါ သို့မဟုတ် အခြားသူက ပြုလုပ်ခြင်းကိုလည်း ခွင့်ပြုပေးပိုင်ခွင့်ရှိမည်မဟုတ်ပါ။

KBZ BANK
STRENGTH OF MYANMAR

## ၁၆။ ပြင်ဆင်ခြင်း

ဤစည်းကမ်းချက်များပါ မည်သည့်ပြဋ္ဌာန်းချက် သို့မဟုတ် ဝန်ဆောင်မှု နှင့်/သို့မဟုတ် မည်သည့်အဖိုးအခကိုမဆို မည်သည့်အချိန်တွင်မဆို၊ မည်သည့်အကြောင်းကြောင့်ဖြစ်စေ မည်သည့်ကြိုတင်အကြောင်းကြားခြင်းကိုမျှ ပြုလုပ်ခြင်းမရှိဘဲ ကမ္ဘောဇဘဏ်သည် ၎င်း၏တစ်ဦးတည်းဆုံးဖြတ်ချက်ဖြင့် ပြင်ဆင်ခွင့်၊ မွမ်းမံခွင့်၊ အစားထိုးပိုင်ခွင့်၊ ပယ်ဖျက်ခွင့် သို့မဟုတ် ရုတ်သိမ်းပိုင်ခွင့် အပြည့်အဝရှိကြောင်းကို ကုမ္ပဏီက သိရှိသဘောတူပါသည်။ ဝဘ်ဆိုက်တွင် ဖော်ပြပေးထားမည့် ပြင်ဆင်ချက်များအပါအဝင် ဤစည်းမျဉ်းစည်းကမ်းချက်များကို ပုံမှန်ဖတ်ရှုစစ်ဆေးသွားရန် ကုမ္ပဏီတွင် တာဝန်အပြည့်အဝရှိပါသည်။ အပြောင်းအလဲတစ်ရပ် သို့မဟုတ် အပြောင်းအလဲများ ပြုလုပ်ပြီးနောက် မည်သည့် ကတ် ဝန်ဆောင်မှုလုပ်ငန်းကိုမဆို အသုံးပြုခြင်းသည် အပြောင်းအလဲများဆောင်ရွက်ထားရှိပြီးဖြစ်သည့် စည်းကမ်းချက်များနှင့်သာ သက်ဆိုင်သည်။

## ၁၇။ လွှဲပြောင်းခြင်း နှင့် ဆက်ခံသူများ

ဤစည်းမျဉ်းစည်းကမ်းသတ်မှတ်ချက်များအရ ကုမ္ပဏီသည် မိမိ၏ အခွင့်အရေးများ သို့မဟုတ် တာဝန်ဝတ္တရားများ အားလုံးကိုဖြစ်စေ သို့မဟုတ် တစ်စိတ်တစ်ပိုင်းကိုဖြစ်စေ ပေးအပ်ခြင်း သို့မဟုတ် လွှဲပြောင်းခြင်းတို့အား ကမ္ဘောဇဘဏ်၏ စာဖြင့် ရေးသားဖော်ပြထားသော သဘောတူညီချက်မရှိဘဲ ဆောင်ရွက်ခြင်း မပြုရပါ။ ကမ္ဘောဇဘဏ်သည် ဤစည်းမျဉ်း စည်းကမ်း သတ်မှတ်ချက်များကို မည်သည့်အချိန်တွင်မဆို မိမိ၏ အခွင့်အရေးများ သို့မဟုတ် တာဝန်ဝတ္တရားများ ကို ကမ္ဘောဇဘဏ်၏ မည်သည့် တာဝန်ပေးအပ်ခြင်းခံရသူသို့ဖြစ်စေ သို့မဟုတ် မည်သည့် ဆက်ခံသူသို့ဖြစ်စေ လွှဲပြောင်းခြင်း သို့မဟုတ် တာဝန်ပေးအပ်ခြင်းတို့ ပြုလုပ်ခွင့်ရှိမည်ဖြစ်သည်။

## ၁၈။ အာမခံခြင်း

ဝန်ဆောင်မှုအသုံးပြုခြင်းဆိုင်ရာ စည်းကမ်းချက်အဖြစ် ဝန်ဆောင်မှုများအား တရားဥပဒေနှင့်ကိုက်ညီခြင်းမရှိသည့် မည်သည့်ရည်ရွယ်ချက်မျိုးအတွက်မဆို အသုံးပြုမည်မဟုတ်ပါကြောင်း အသုံးပြုသူက ကမ္ဘောဇဘဏ်အား အာမခံသည်။ ဝန်ဆောင်မှုများကို အသုံးပြုမှုနှင့် စပ်လျဉ်းသည့် တည်ဆဲဥပဒေ၊ စည်းမျဉ်းစည်းကမ်း၊ နည်းဥပဒေနှင့် ပြဋ္ဌာန်းဥပဒေအရပ်ရပ်ကို လိုက်နာရန် ကုမ္ပဏီမှ သဘောတူသည်ဖြစ်သည်။

## ၁၉။ ဆက်လက်အသက်ဝင်ခြင်း

ဤစည်းကမ်းချက်များပါ ပြဋ္ဌာန်းချက်တစ်ရပ်စီတိုင်းသည် အခြားပြဋ္ဌာန်းချက်များနှင့်မတူဘဲ သီးခြားသက်ဝင်မှု ရှိမည်ဖြစ်သည်။ ဤစည်းကမ်းချက်များပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်သည် တရားဝင်မှုမရှိတော့ခြင်း၊ ပျက်ပြယ်ခြင်း သို့မဟုတ် ဥပဒေတစ်ရပ်ရပ်အရ အာဏာသက်ရောက်မှုမရှိတော့ခြင်းများဖြစ်လာပါက ယင်းအပိုင်းသည်သာ ပျက်ပြယ်မည်ဖြစ်ပြီး ကျန်ပြဋ္ဌာန်းချက်များအား ထိခိုက်စေခြင်း သို့မဟုတ် ပျက်ပြယ်စေခြင်းများရှိမည်မဟုတ်ဘဲ ကျန်ပြဋ္ဌာန်းချက်များသည် ဆက်လက်အသက်ဝင်နေမည်ဖြစ်သည်။

## ၂၀။ စွန့်လွှတ်ခြင်း

မည်သည့်အချိန်တွင်မဆို ဤစည်းမျဉ်းနှင့်စည်းကမ်းသတ်မှတ်ချက်များတွင်ဖော်ပြထားသည့် ပြဋ္ဌာန်းချက် (များ) အား အသက်ဝင်စေရန်အတွက် ဆောင်ရွက်ရန် မည်သည့်အဖွဲ့မဆိုက ပျက်ကွက်ခြင်း သို့မဟုတ် နှောင့်နှေးနေခြင်းသည် ထိုသို့သောအဖွဲ့က အခွင့်အရေးများအား စွန့်လွှတ်လိုက်ခြင်းဖြစ်သည်ဟု အဓိပ္ပါယ်ဖွင့်ဆိုခြင်းမရှိစေရ။

## ၂၁။ သက်ဆိုင်မှုမရှိခြင်း

ဤစည်းမျဉ်းနှင့်စည်းကမ်းချက်များတွင်ပါဝင်သော မည်သည့်ပြဋ္ဌာန်းချက်မဆိုကြောင့် ဤစည်းမျဉ်းနှင့်စည်းကမ်းချက်များကို သဘောတူထားသည့်အဖွဲ့များက အလုပ်သမားနှင့်အလုပ်ရှင်၊ မိတ်ဖက်၊ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်သူ၊ ဖက်စပ်လုပ်ငန်းများ၏ ဆက်ဆံရေးမျိုးကို ထူထောင်ခြင်းဖြစ်သည်ဟု အဓိပ္ပါယ်သက်ရောက်ခြင်းမရှိစေရ။ အဖွဲ့များသည် သီးခြားလွတ်လပ်သော ကန်ထရိုက်တာများဖြစ်ပြီး မည်သည့်အဖွဲ့မဆိုသည် အခြားသောအဖွဲ့၏ လုပ်ဆောင်ချက်၊ ဆောင်ရွက်ချက် သို့မဟုတ် ပျက်ကွက်ခြင်းများအတွက် တာဝန်မရှိစေရ။

## ၂၂။ လွှမ်းမိုးသောဥပဒေနှင့် အငြင်းပွားမှုဖြေရှင်းခြင်း

ဤစည်းမျဉ်းစည်းကမ်းသတ်မှတ်ချက်များကို ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ ဥပဒေများက လွှမ်းမိုးမည်ဖြစ်ပြီး ယင်းဥပဒေများနှင့်အညီ အဓိပ္ပာယ်ဖွင့်ဆိုရမည်ဖြစ်ကာ ဤစည်းမျဉ်းစည်းကမ်းများမှ သို့မဟုတ် ဤစည်းမျဉ်းစည်းကမ်းများအရ ပေါ်ပေါက်လာသော မည်သည့်အငြင်းပွားမှုကိုမဆို စီရင်ဖြေရှင်းပိုင်ခွင့်အာဏာသည် မြန်မာနိုင်ငံရှိ တရားရုံးများတွင်သာ ရှိစေရမည်ဖြစ်သည်။

## ၂၃။ ဘာသာစကား

ဤစည်းမျဉ်းနှင့်စည်းကမ်းသတ်မှတ်ချက်များအား အင်္ဂလိပ်၊ မြန်မာ နှစ်ဘာသာဖြင့် ပြုလုပ်ထားပြီး နှစ်မျိုးစလုံးသည် တူညီသော အဓိပ္ပာယ် သက်ရောက်မှုရှိမည်ဖြစ်သည်။ အင်္ဂလိပ်ဘာသာနှင့် မြန်မာဘာသာနှစ်မျိုးဖြင့် ပြုလုပ်ထားခြင်းဖြစ်သောကြောင့် ကွဲလွဲမှုတစ်စုံတစ်ရာရှိလျှင် မြန်မာဘာသာဖြင့် ရေးသားထားသည့် စည်းကမ်းသတ်မှတ်ချက်များကိုသာလျှင် အမှန်ယူရမည် ဖြစ်သည်။